 

# တတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲ

# ပူးတွဲသတင်းထုတ်ပြန်ချက်

## မြန်မာနိုင်ငံနှင့်ဥရောပသမဂ္ဂတို့ တတိယအကြိမ် လူ့အခွင့်အရေးဆွေးနွေးပွဲ ကျင်းပခဲ့ခြင်း

## (၂၂-၁၁-၂၀၁၆)

၁။ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် တတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေး ဆွေးနွေးပွဲကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်တင် နှင့် ဥရောပသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာစတာဗရို့စ် လမ်ဘရစ်နီဒိစ် တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြပါသည်။

၂။ ဆွေးနွေးပွဲတွင် နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် တူညီသည့် တန်ဖိုးထားရှိမှုများကို အခြေခံ၍ လူ့အခွင့်အရေး နယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေရန် နှစ်ဖက်သန္နိဋ္ဌာန် ရှိမှုကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းစွာ အာဏာလွှဲပြောင်းမှုနှင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင်ယှဉ်ပြိုင်မှုရှိပြီး အများယုံကြည်လက်ခံနိုင်သော ရွေးကောက်ပွဲများ နောက်ပိုင်း ဒီမိုကရေစီနှင့် အခြေခံလွတ်လပ်ခွင့်များ တိုးမြှင့်ရန်အစိုးရ၏ကနဦး ခြေလှမ်းများကို အီးယူမှ ချီးကျူးခဲ့ပါသည်။ အီးယူနိုင်ငံခြားရေးဝန်ကြီးများမှ (၂၂-၆-၂၀၁၆) ရက်နေ့တွင် အတည်ပြု ခဲ့သည့် အီးယူပူးတွဲကြေညာချက် 'Special Partnership for Democracy, Peace and Prosperity' တွင်ပါရှိသည့်အတိုင်း အီးယူအနေဖြင့် မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများကို တိုးမြှင့်ထောက်ခံရန် အခိုင်အမာဆက်လက်သန္နိဋ္ဌာန်ပြုထားသည်ကို အလေးထားပြောကြားခဲ့ပါသည်။

၃။ယင်းသို့နှစ်ဖက်ဆွေးနွေးမှုများတွင် မြေယာအခွင့်အရေးများ၊ အလုပ်သမားအခွင့်အရေးများ၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူညီချက်များ၊ ရခိုင်ပြည်နယ်အခြေအနေ၊ အီးယူအဖွဲ့ဝင်နိုင်ငံ များရှိ လူနည်းစု၏အခွင့်အရေးများ၊ ဘာသာရေးဆိုင်ရာသည်းမခံမှုနှင့် အမုန်းတရားလှုံ့ဆော်မှုများ

တားဆီးရေး၊ ရွှေ့ပြောင်းသွားလာသူများ၊ ဒုက္ခသည်များနှင့် ပြည်တွင်းရွှေ့ပြောင်းသွားလာသူများ၏ လူ့အခွင့်အရေး၊ လူကုန်ကူးမှု၊ နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ အဓိကစာချုပ်များသို့ အတည်ပြုပါဝင်ရေး စသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များစွာကို ဆွေးနွေးခဲ့ကြပါသည်။

၄။ လူ့အခွင့်အရေးတိုးမြှင့် ကာကွယ်စောင့်ရှောက်ရန်ကြိုးပမ်းမှု နောက်ဆုံးအခြေအနေများကို နှစ်ဖက်ပြောကြားခဲ့ကြပြီး၊ အလေ့အထကောင်းများအပေါ် အမြင်ချင်းဖလှယ်၍ နှစ်ဖက်အကျိုးရှိစေမည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး နည်းလမ်းများထုတ်ဖော်ခဲ့ကြပါသည်။

၅။ အိုင်အယ်လ်အိုစာချုပ်များအကောင်အထည်ဖော်မှုနှင့် အလုပ်သမားဥပဒေများ ပြန်လည်သုံးသပ်သည့် လုပ်ငန်းစဉ်ကို မြန်မာနိုင်ငံက အသိပေးခဲ့ပါသည်။ မြန်မာနိုင်ငံက ဝင်ရောက်ရန်ကျန်ရှိနေသော အိုင်အယ်လ်အို အခြေခံစာချုပ်များသို့ပါဝင်ရန် အီးယူက အားပေးတိုက်တွန်းခဲ့ပြီး၊ အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမားသုံးပွင့်ဆိုင် ထိတွေ့ဆောင်ရွက်မှုအပါအဝင် မြန်မာနိုင်ငံ၏ အလုပ်သမားအခွင့်အရေးမြှင့်တင်ရာတွင် တိုးတက်မှုများရရှိသည်ကို အီးယူကကြိုဆိုခဲ့ပါသည်။

၆။ မြေယာအခွင့်အရေးနှင့်စပ်လျဉ်း၍ မြေယာအငြင်းပွားမှုများကို နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာ တာဝန်ဝတ္တရားများနှင့်အညီ ဖြေရှင်းရန်အရေးကြီးသည်ကို ပြန်ပြောင်းပြောကြားခဲ့ကြပြီး၊ မြေယာသိမ်းပိုက်မှုများအပါအဝင် မြေယာအခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရည်မှန်းချက်များ ကို မြန်မာနိုင်ငံက ပြောကြားခဲ့ပါသည်။

၇။ မြန်မာနှင့် အီးယူသည် ဆွေးနွေးညှိနှိုင်းလျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှုကာကွယ်စောင့်ရှောက် ရေးသဘောတူညီချက် (Investment Protection Agreement - IPA) နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြပြီး၊ လူ့အခွင့်အရေးကိစ္စရပ်များအပါအဝင် လူသိရှင်ကြား ဆွေးနွေးညှိနှိုင်းမှုများဖြင့် ပွင့်လင်းမြင်သာမှုရှိရေးသည် အရေးကြီးကြောင်းနှစ်ဖက်သဘောတူလက်ခံခဲ့ကြပါသည်။

၈။ ရခိုင်ပြည်နယ်မြောက်ပိုင်း၏ လက်ရှိလုံခြုံရေးနှင့်လူ့အခွင့်အရေးအခြေအနေကို စိုးရိမ် ကြောင်း အီးယူကထုတ်ဖော်ပြောကြားခဲ့ပြီး၊ ကနဦးတိုက်ခိုက်မှုများနှင့် နောက်ဆက်တွဲ အရေးယူဆောင်ရွက်ချက်များ နှစ်ခုလုံးအပေါ် လွတ်လပ်၍ အများလက်ခံနိုင်သည့် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရန်နှင့် အကူအညီလိုအပ်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ အလျင်အမြန် ဝင်ရောက်ခွင့်ပြုရန် ထပ်လောင်းတောင်းဆိုခဲ့ပါသည်။ မြန်မာဘက်က အကြမ်းဖက်လက်နက်ကိုင်

တိုက်ခိုက်မှုဆိုင်ရာ နောက်ဆုံးအခြေအနေကို ပြောကြားခဲ့ပြီး၊ နောက်ဆက်တွဲ အရေးယူဆောင်ရွက်မှုများကို အတတ်နိုင်ဆုံးထိန်းသိမ်းဆောင်ရွက်ခဲ့မှု၊ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်လျက်ရှိပြီး၊ အဆိုပါဒေသများသို့ အခြားလူသားချင်းစာနာမှုအကူအညီပေးသူများကို သင့်လျော် သကဲ့သို့ ထပ်မံဝင်ခွင့်ပြုမည့်ကိစ္စ၊ ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ အမျိုးသားစုံစမ်းစစ်ဆေးမှု ကော်မရှင်ဖွဲ့စည်းမည့် ကိစ္စတို့အပေါ် ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

၉။ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ လူနည်းစုများ၏အခွင့်အရေးများကို ဆွေးနွေးခဲ့ကြပါသည်။ အီးယူဘက်မှ ယင်းသို့ဖြေရှင်းရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ မူဝါဒနှင့် အစီအမံများကို မျှဝေခဲ့ပါသည်။ မြန်မာနှင့်အီးယူသည် လူနည်းစုများ ကာကွယ်စောင့်ရှောက်ရေးအတွက် ဥပဒေပိုင်းမူဘောင်နှင့် ခွဲခြားဆက်ဆံမှုမရှိစေရေး မြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုများနှင့်စပ်လျဉ်း၍ နောက်ဆုံးအခြေအနေများကို နှစ်ဖက်ဆွေးနွေးခဲ့ပါသည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့် ရရှိရေး အပြည့်အဝ သန္နိဋ္ဌာန်ရှိသည်ကို အလေးထားလျက် လူနည်းစုများ၏ အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးနှင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်တို့အတွက် သည်းမခံမှု၊ အမုန်းတရားဖြစ်ပေါ်စေရန် လှုံ့ဆော်မှုနှင့် အကြမ်းဖက်မှုတို့ကို တိုက်ဖျက်ရေး လိုအပ်ကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၁၀။ ဥရောပသို့ရွှေ့ပြောင်းဝင်ရောက်မှုများနှင့်စပ်လျဉ်း၍ လက်ရှိဖြစ်ပေါ်တိုးတက်မှုများမှ ရရှိ သော သင်ခန်းစာများကို အီးယူကမျှဝေခဲ့ပြီး မူဝါဒပိုင်းဆောင်ရွက်ချက် နောက်ဆုံးအခြေအနေများ ကို အီးယူဘက်မှဆွေးနွေးခဲ့ပါသည်။

၁၁။ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဆွေးနွေးညှိနှိုင်းခြင်းနှင့် ကူညီထောက်ပံ့မှုများတိုးမြှင့်ဆောင်ရွက်ရေး လိုအပ်သည်ကို နှစ်ဖက်အလေးထားပြောကြားခဲ့ကြပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အမျိုးသမီးများနှင့် ကလေးသူငယ်များအခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးကို အထူးအလေးပေးမှုအပါအဝင် လူကုန်ကူးမှုတိုက်ဖျက်ရေး ထပ်လောင်း သန္နိဋ္ဌာန်ပြုခဲ့ပါသည်။

၁၂။ နှစ်ဖက်နားလည်မှု ပိုမိုနက်ရှိုင်းစေရန်နှင့် နိုင်ငံတကာ လူ့အခွင့်အရေးစံချိန်စံနှုန်းများ မြှင့်တင်ရေး ဘုံရပ်တည်ချက်များ ခိုင်မာစေရေးအပါအဝင် ပူးပေါင်းဆောင်ရွက်မြှင့်တင်ရန် နိုင်ငံတကာမျက်နှာစာမှ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ မြန်မာနိုင်ငံကလက်ခံထားသော UPR အကြံပြုချက်များကို အကောင်အထည်ဖော်ရေး အမျိုးသားစီမံကိန်းတစ်ရပ်ရေးဆွဲရန် ထည့်သွင်း စဉ်းစားနေကြောင်း ပြောကြားခဲ့ပြီး၊ ယင်းကိစ္စအပေါ် အီးယူကထောက်ခံ၍ ၎င်း၏အတွေ့အကြုံ များ မျှဝေရန်အသင့်ရှိမှုကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ

မဟာမင်းကြီးရုံး(OHCHR) နှင့် ပူးပေါင်းဆောင်ရွက်မှုနှင့် ဝင်ရောက်ရန်ကျန်ရှိသော အဓိက နိုင်ငံတကာလူ့အခွင့်အရေးစာချုပ်များသို့ ဝင်ရောက်ရေးကိစ္စများကို နှစ်ဖက်ဆွေးနွေးခဲ့ကြပါ သည်။

၁၃။ စတုတ္ထအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို ဘရပ်ဆဲလ်မြို့၌ ၂၀၁၇ ခုနှစ် တွင် ပြုလုပ်ရန်နှစ်ဖက် သဘောတူညီခဲ့ကြပါသည်။

၁၄။ ယင်းဆွေးနွေးပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂ သံအမတ်ကြီး မစ္စတာရိုလန်ကိုဘီယာ၊ မြန်မာနိုင်ငံ သက်ဆိုင်ရာဝန်ကြီးဌာန (၁၁)ခုမှ အဆင့်မြင့် အရာရှိကြီးများ၊ ဥရောပသမဂ္ဂမှအရာရှိများ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ အကြီးတန်း သံတမန်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

၁၅။ ယင်းဆွေးနွေးပွဲမတိုင်မီ ရန်ကုန်မြို့တွင် (၂၁-၁၁-၂၀၁၆) ရက်နေ့၌ လူမှုအဖွဲ့အစည်း ဖိုရမ်တစ်ခုပြုလုပ်ခဲ့ပြီး၊ ယင်းဖိုရမ်တွင် လူ့အခွင့်အရေးနယ်ပယ်၌ မြန်မာနှင့်အီးယူတို့၏ အောင်မြင်မှုများနှင့် ကျန်ရှိနေသောစိန်ခေါ်မှုများအပေါ် လူမှုအဖွဲ့အစည်းများ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် ဆွေးနွေးခဲ့ကြပါသည်။